
ရေမျောကမ်းတင် အောင်ဗဒင်
မင်းသိင်္ခ

# အခန်း(၁)

## ရေမျောကမ်းတင် အောင်ဗဒင်

## မင်းသိခ်

## အခန်း(၁)

## သေမင်းနီ

ထိုခေတ် ထိုအချိန်တုန်းက မြိတ်မြို့ မှရန်ကုန်မြို့ သို့ ပြေးဆွဲသော စက်လှေအမြောက်အမြား

ရှိသည့်အနက် အောင်ဗဒင် ဆိုသော စက်လှေမှာ နာမည် အရဆုံး ဖြစ်၏ ။ ခရီးသည် အမြောက်အမြား စီးကြ၏ ။ ကုန်သည်များ လည်း ကုန်များ ကို ပို့ဆောင်ကြ၏ ။

ထိုစက်လှေ၏ နာမည် ရခြင်းမှာ ထွက်သော အချိန်မှန်၏ ။ သင်္ဘော၏ အကြီးအကဲ ဖြစ်သော ကပ္ပတိန်ခေါ် မာလိန်မှူး ကိုလှထွန်းအောင်သည် ရေကြောင်းလွန်စွာ ကျွမ်းကျင်၏ ။ အုပ်ချုပ်မှု ကောင်း၏ ။ ကုန်ပစ္စည်းများ ထားသိုရာတွင် လည်း အပျက်အစီး အလေအလွင့် မရှိရလေအောင် စက်လှေသမားများ က စောင့်ရှောက်ကြ၏ ။ မာလိန်မှူး ၏ လက်အောက်တွင် လက်ထောက်အ ဖြစ် ပဲ့ကိုင်ပါ၏ ။ ၎င်းအောက်တွင် ကုန်းပတ်အလုပ်သမားများ ၊ စူကာနီ ခေါ် ရေပက်ကြိုး ချည် အလုပ်သမားများ ပြည့်ပြည့်စုံစုံပါလေ၏ ။

ထို့ပြင် ခရီးစဉ်တလျှောက် ခရီးသည်များ ကို ကျွေးမွေးရှု့လည်း စက်လှေထမင်းချက်ကြီး ကိုအောင်ညွန့် မှာ လွန်စွာ ထမင်းဟင်းအချက်ကောင်းသူ ဖြစ်၏ ။ စီးနင်းလိုက်ပါလာကြသော ခရီးသည်များ ၊ ကုန်သည်များ မှာ အလုပ်အတွက် ခရီးထွက်ရသည်နှင့်မတူဘဲ ပင်လယ်ပြင်တွင် ပျော်ပွဲစားခရီးထွက်ရသကဲ့သို့ ရှိနေတော့၏ ။

စက်လှေအလုပ်သမားများ သည် မာလိန်မှူး ဦးလှထွန်းအောင်အား မည် သူကမှ ကပ္ပတိန်ဟုလည်း မခေါ် မာလိန်မှူး ဟုလည်း မခေါ်ဘဲ 'သူကြီး' ဟုသာ ခေါ်ကြလေ၏ ။

ထိုစက်လှေတွင် အသက်အငယ်ဆုံး ကုန်းပတ်အလုပ်သမားလေးပါ၏ ။ ၄င်းမှာ အညာအရပ်ဒေသမှ လာရောက်လုပ်ကိုင်သော သူငယ်လေးသာ ဖြစ်၏ ။ ထိုသူငယ်လေး၏ အမည် မှာ 'ငမိုး ' ဟူ၍ ဖြစ်၏ ။ ၄င်းကို လည်း မည် သူကမျှငမိုး ဟုမခေါ် 'အညာသား'ဟုသာ ခေါ်ကြလေ၏ ။

ထိုငမိုးလေးသည် ပုဂံမြို့ တစ်ဖက်ကမ်း၊ တန့်ကြည့်တောင်မှ ဖြစ်၏ ။ မာလိန်မှူးကြီးသည် စက်လှေထွက်ခါနီး တွင် ဘုရားကို အကျအန ရှိခိုး၏ ။ ရှင်ဥပဂုတ်ဂါထာ များ ကိုရွတ်ဆို၏ ။ ထို့နောက် ဇကုဋ္ဌေခန့်သော ရေနေသတ္တဝါတို့ကို မေတ္တာပို့လေ၏ ။ ပြီးလျှင် ခရီးသည်တစ်ဦးချင်းကို လိုက်လံနှုတ်ဆက်ပြီးမှ စက်လှေကို ထွက်လေတော့၏ ။ ထို့ကြောင့် ခရီးသည်များ သည် မာလိန်မှူး ဦးလှထွန်းအောင်ကို ကြည်ညိုခြင်း၊ ချစ်ခင်ခြင်း ဖြစ်ကြလေ၏ ။

တစ်နေ့တွင် ... မာလိန်မှူး ဦးလှထွန်းအောင် ဦးစီးသော အောင်ဗဒင်စက်လှေကြီးသည် မြိတ်မြို့ မှ အနောက်စူးစူးသို့ စတင်ခုတ်မောင်း၏ ။ ၄င်း၏ အစီအစဉ်မှာ ထိုသို့ ထွက်ခွါပြီးလျှင် ကပ္ပလီပင်လယ်ပြင်မှ မုတ္တမပင်လယ်ကွေ့အတိုင်း ရန်ကုန်သို့ ခုတ်မောင်းမည် ဖြစ်၏ ။

ဦးလှထွန်းအောင်သည် ကပ္ပလီပင်လယ်သို့ အရောက် ကောင်းကင်ပေါ်သို့ မော့ကြည့်ပြီးလျှင် မျက်နှာကွက်ခနဲ ပျက်သွားလေ၏ ။ ထိုအချင်းအရာကို မြင်လိုက်သော အညာသားကလေးသည်လည်း ကောင်းကင်ပေါ်သို့ လိုက်၍ မော့ကြည့်လိုက်လေ၏ ။

ထိုသို့ မော့ကြည့်လိုက်သော အခါ ကောင်းကင်ပြင်တစ်ခုလုံး နီရဲနေသည်ကို တွေ့ရလေ၏ ။ အညာသားကလေးက

" သူကြီး ... ဘာလဲခင်ဗျ ..." ဟု မေးလိုက်လေ၏ ။

ထိုအခါ ဦးလှထွန်းအောင်က

'' အဲဒီ ကောင်းကင်ပေါ်က အနီရောင် ဟာ ငါတို့အတွက်တော့ သေမင်းနီပဲကွ ...၊ လေမုန်တိုင်းတိုက်မယ့် အမိပ္ပါယ်ပဲ ... ၊ အဲဒီ လေနီကြမ်းဟာ ဘေးတည့်တည့် ကတော့မလာဘူးကွ ... 'သရော့ သဲတန်းကြီးကျွန်းစု' နဲ့ ... 'ညီအမ ငါးဖော်ကျွန်းစု' ကြားကနေ တအားဖြတ်ပြီး ဝင်လိမ့်မယ် ... လေနီကြမ်းရဲ့ သဘာဝ ဟာ တခြားလေလို မဟုတ်ဘူးကွ ...၊ စွန်ရဲကုတ်သလို တိုက်တာကွ ...''

'' ငါတို့လို ဝါရင့် သင်္ဘောကပ္ပတိန်တွေ က အဲဒီ လိုလေနီကြမ်းမျိုးကို ' သိမ်းငှက်နီ' လို့ နာမည် ပေးထား ကြတယ် ...၊ အတင်းဝင်တိုးတော့တာကွ၊ တိုတိုပြောရရင် အညာသားရယ် ...၊ သေခြင်းတရားနဲ့ ငါတို့နဲ့ ထိပ်တိုက်တွေ့ကြပြီကွ ...၊

ငါတို့ သေတာဟာ အကြောင်းမဟုတ်ဘူးကွ ...၊ ခရီးသည်တွေ လွတ်မြောက်ဖို့က အရေး ကြီးတယ်၊ သူတို့တွေ အားလုံး လွတ်မြောက်အောင် ငါတို့ဘက်က အစွမ်းကုန်ကြိုး စားရမယ်၊ မင်းတို့လည်း ကြိုး စားကြ၊ငါ့ဘက် ကတော့ ပြောထားမယ် ...၊ ဒီလှေကြီးကို လုံးဝ မစွန့်ခွါဘူး၊ နောက်ဆုံးအချိန်ထိ ဒီလှေကြီးနဲ့အတူ ရှိနေမယ်၊ ဒီလှေကြီးမြုပ်သွားရင်လည်း ငါပါရောပြီး အမြုပ်ခံမယ် ...၊

လှထွန်းအောင်သေတာ အကြောင်းမဟုတ်ဘူး၊ လှထွန်းအောင်ရဲ့ လုပ်ရပ်ကို ပင်လယ်ပြင်မှာ ကမ္ဗည်းထိုးခဲ့မယ်ကွာ၊ အဲဒီ တော့ စတိုခန်းထဲမှာ အသက်ကယ် အင်္ကျီတွေ ရှိတယ်။ ခရီးသည်တွေ ကို တစ်ယောက် ချင်းလိုက်ပြီးတော့ ဝတ်ပေးလိုက် ၊ စတိုခန်းသော့ က ပစ္စည်းထိန်း ဘိုဆင်ဆီမှာ ရှိတယ်ကွ ...၊ သူ့ကို နားလည်အောင် တိုးတိုးကပ်ပြီး ပြောပြ ... ၊ ဒီကောင်ကြီးက အသက်ကြီးပြီး မိန်းမ မရှိသေးတော့ ကြောင်နေတယ်၊ နားလည်အောင် သေချာရှင်းပြ ...'' ဟု ရှင်းပြလိုက်သဖြင့် အညာသားကလေးသည်လည်း ကပ္ပတိန် ဦးလှထွန်းအောင် အနီးမှ လေအလျှင်ကဲ့သို့ ပျောက်ကွယ်သွားပြီးလျှင် ပစ္စည်းထိန်း ဘိုဆင်ကြီးအား အကျိုး အကြောင်း ပြောပြကာ အသက်ကယ် အင်္ကျီများ ကို ထုတ်၏ ။ ခရီးသည်များ ကို တစ်ယောက် ချင်း လိုက်၍ ဝတ်ပေးလေ၏ ။ ဝတ်ပေးရင်းလည်း အားပေးစကားပြော၏ ။

''အန္တရာယ်ရှိတာတော့ မှန်ပါတယ်ဗျာ...၊ သိပ်လည်းမကြောက်ကြပါနဲ့ ...၊

ကျွန်တော် တို့ မာလိန်မှူး ကြီးက အင်မတန်ကျွမ်းကျင်တဲ့ မာလိန်မှူး ကြီးပါ ... ''

အညာသားကလေးသည် စတိုခန်းအတွင်း မှ အသက်ကယ်အင်္ကျီအားလုံးကို ထုတ်ကာ ခရီးသည်အားလုံးကို ဝတ်ပေးလိုက် ပြီ ဖြစ်၏ ။ ထိုသို့ ဝတ်ပေးပြီး ဖြစ်ကြောင်းကိုလည်း ကပ္ပတိန်ကြီး ဦးလှထွန်းအောင်အား သွားရောက် သတင်းပို့လေရာ ဦးလှထွန်းအောင်သည် အညာသားလေး ပြောပြသည်ကို နားထောင်ပြီးနောက်

''ကောင်းတယ် ... မင်းရောဘာလို့ မဝတ်တာလဲ ... '' ဟုမေးလေ၏ ။

''ခရီးသည်တွေ ကို ဝတ်ပေးလိုက် တာ ကုန်သွားပြီ၊ ကပ္ပတိန်ကြီးအတွက် လည်းမရှိတော့ဘူး ...၊ ကျွန်တော့အတွက်လည်း မရှိတော့ဘူး။ ဘိုဆင် ကြီး ကတော့ တစ်ထည်ရရှာပါတယ် ... '' ဟု အညာသားကပြန်၍ ဖြေလျှင် ဦးလှထွန်းအောင်က

''သေမင်းနဲ့ သွားတွေ ့မှာ ပဲကွာ ...၊ အသက်ကယ် အင်္ကျီမလိုပါဘူး ...၊ အညာသား ... မင်းလည်းမင်းရဲ့ နာမည် ကို ကပ္ပလီ ပင်လယ်မှာ ကမ္ဗည်းထိုးလိုက်ဖို့ ဆုံးဖြတ်ထား ....၊ သေတယ်ဆိုတာ သိပ်ဆန်းတာမဟုတ်ဘူး ...၊ ဘာမှန်းမသိတဲ့ နေရာကနေ ဘာမှန်းမသိတဲ့ နေရာကို ရွှေ့တာကွ ...အင်္ဂလိပ်လို ပြောရရင် (From Unknown To Another Unknown) ပဲကွ ...'' ဟုပြောပြီးလျှင် ကပ္ပတိန် ဦးလှထွန်းအောင်သည် သဘောကျစွာ ဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏ ။

၎င်း၏ ရယ်သံကြီးသည် ကပ္ပလီပင်လယ်ပြင်ကြီး တစ်ခုလုံးအား စိန်ခေါ်လိုက်သည့် အလား ရှိလေတော့သတည်း။

''ဟား...ဟား...ဟား...ဟား''

•••

# အခန်း(၂)

အခန်း(၂)

## မျှော်ချင်တိုင်းမျှော်ရပြီ

ငှင်းတို့နှစ် ဦး စကားပြောနေချိန်မှာ ပင် ညီအစ်မငါးဖော်ကျွန်းနှင့် သရော့သဲတန်းကြီးကျွန်း အကြားမှ တဟုန်ထိုး ဖြတ်တိုက်လာသော လေနီကြမ်းသည် အောင်ဗဒင်စက်လှေအား သစ်ရွက်ခြောက်လေး တစ်ရွက်ပမာ လွှင့်ထုတ်လိုက်လေ၏ ။

ခရီးသည်များ ကလည်း အလန့်တကြား အော်ဟစ်ငိုကြွေးကြ၏ ။ အိမ်လောက်ကြီးသော ရေလှိုင်းကြီးများ သည် သင်္ဘော၏ ဘေးသို့ တည့်တည့်ဝင်လာသဖြင့် ကပ္ပတိန် ဦးလှထွန်းအောင်သည် သင်္ဘော၏ ဦးကိုလှည့်၍ လှိုင်းလုံးကြီးများ ကို ဦးဖြင့် ခံလိုက်လေ၏ ။ ထို့ကြောင့် စက်လှေသည် လှိုင်းလုံးကြီးများ အပေါ်မြင့်မားစွာ တက်လိုက် ပြုတ်ကျလိုက် ဖြစ်နေလေ၏ ။ အချို့ ခရီးသည်များ သည် ကြောက်လန့်လွန်းသဖြင့် သတိလစ်မေ့မျောကုန်ပြီ ဖြစ်၏ ။

အညာသားကလေးသည် သတိလစ်နေသူများ ကို လိုက်လံ၍ နှာနှပ်ပြီး သတိရအောင် လုပ်ပေးနေ၏ ။

လေ၏ အရှိန်ကြောင့် စက်လှေသည် လွင့်မျောကာ လာဘူစာကျွန်း၊ မဏိကျွန်းတို့ကိုပင် လွန်မြောက်သွားပြီ ဖြစ်၏ ။ မာလိန်မှူး ဦးလှထွန်းအောင်သည် မရမက ကြိုး စား၍ မောင်းနှင်နေ၏ ။ လေနီကြမ်းမှာ လဲ လျော့ကျသည်မရှိဘဲ တိုး၍ တိုက်ခတ်လေ၏ ။ စက်လှေကြီး လောင်လုံဘုတ်ကျွန်းစု အနီးသို့ ရောက်သော အခါ ခါးတစ်ပိုင်းပြတ်ထွက်၍ နစ်မြုပ်သွားလေတော့၏ ။ ခရီးသည်အမြောက်အမြားပါသွား၏ ။

အချို့ ခရီးသည်များ သည် အသက်ကယ်အင်္ကျီအားကိုးဖြင့် ပင်လယ်ထဲတွင် ကူးခပ်နေကြ၏ ။ စက်လှေ သမားများ လည်း ခရီးသည်များ အား စက်လှေတွင် ပါလာသော

လှေငယ်များ ဖြင့်တင်ကာ ပို့ဆောင်ပေးရန် ကြိုး စားနေကြ၏ ။

မာလိန်မှူး ဦးလှထွန်းအောင်သည် ကျန်သည့် စက်လှေအပျက်ကြီးအပေါ်တွင် လူမရှိသည့် အခွဲ ၄င်း၏ ခါးတွင် ထိုးထားသော ၆ လုံးပြူး သေနတ်ကိုထုတ်၍ ကျည်ဆန်များ ကို သွန်ချပစ်လိုက်ပြီးလျှင် ထိုသေနတ်ကို ပင်လယ်တွင် းသို့ ပစ်ချလိုက်လေတော့၏ ။

ထို့နောက် ၄င်းသည် အညာသားကလေးကို အနီးသို့ ခေါ်ကာ

''မင်းကို ငါ ဒီစက်လှေမှာ မွေးထားတာ ...၊ ငါ့သားပဲ ...၊ မင်းငါနဲ့အတူ လိုက်ပြီးသေရတောမယ် ...၊ ဘယ်သူက သိသိ မသိသိ ...၊ မင်းကသူရဲကောင်းပဲ ...၊ မင်းဟာ ပင်လယ်ပြင်မှာ သူရဲကောင်းလို ကျင့်တယ် ...၊ အဲဒီ တော့ သူရဲကောင်းပဲ ...၊ လှထွန်းအောင် မွေးတဲ့ သူရဲကောင်း ... '' ဟု ပြောဆိုပြီးလျှင် အညာသားကလေး၏ နဖူးကို နမ်းရှု ့လိုက်လေ၏ ။

ထိုအချိန် လေနီကြမ်းသည် ဆောင့်၍ တိုက်လိုက်ရာ တစ်ပိုင်းမျှကျန်သော အောင်ဗဒင် စက်လှေကြီးသည် တစ်စစီ ပြုတ်ထွက်၍ ပျက်စီးသွားလေတော့၏ ။ စက်လှေကြီးမှ ပျဉ်ပြားများ ၊ သစ်သားများ သည်လည်း သစ်သားမီးခြစ်ကို ဖွင့်၍ သွန်လိုက်သော အခါ၊ မီးခြစ်ဆံများ ပြန့်ကျဲသွားသကဲ့သို့ ပင်လယ်ထဲတွင် ပြန့်ကျဲသွားလေတော့၏ ။

မာလိန်မှူး ဦးလှထွန်းအောင်သည် မည် သည့်အရပ်ဌာနဆီသို့ ရောက်သွားသည်ကို မသိရတော့ပေ။ အညာသားကလေးမှာ မူ ပေါလောမျောနေသော ပျဉ်ချပ်တစ်ချပ်ပေါ်တွင် မှော က်လျက်ကျ၍ မေ့မျောနေလေ၏ ။ ၎င်းသွား၍ တင်နေသော ပျဉ်ချပ်မှာ စက်လှေ၏ အပြင်နံရံ ပျဉ်ချပ် ဖြစ်၏ ။ ထိုပျဉ်ချပ်ပေါ်တွင် 'အောင်ဗဒင် စက်လှေ' ဟူသော စာတန်းကြီးလည်းပါ၏ ။ ပျဉ်ချပ်တွင် ချည်ထားသော ကြိုး တစ်ချောင်းသည် အညာသားကလေး၏ လက်ကို ပတ်၍ ချည်ထားသကဲ့သို့ ဖြစ်နေလေတော့၏ ။ ထို့ကြောင့် အညာသားကလေးသည် ပျဉ်ချပ်ပေါ်မှ လွင့်စင်ကျရန် အကြောင်းမရှိတော့ပေ။

၎င်းသည် ထိုပျဉ်ချပ်နှင့် နှစ် ရက်တိတိ ပင်လယ်ထဲတွင် မျောနေရ၏ ။

သတိရလာသော အခါ၌ နေကလည်းပူ ရေကလည်းမသောက်ရသဖြင့် လည်ချောင်းသည် မီးတောက်မတတ် ဖြစ်နေပြီး တစ်ကိုယ်လုံးရှိ အသားများ မှာ လည်း ဓါးဖြင့်မွှမ်းထားသကဲ့သို့ အက်ကြောင်းများ ထ၍ နေပြီ ဖြစ်၏ ။ လူရုပ်ပင် မပေါ်တော့ချေ။

သုံးရက်မြောက်သော နေ့တွင် အညာသားကလေးသည် လွန်စွာ အေးမြသော ရေတွင်းကြီးတစ်ခုထဲသို့ လိမ့်ကျသွားသည်ဟု ကယောင်ကတမ်း အိပ်မက်မက်ကာ လုံးဝမေ့မျောသွားလေတော့သတည်း။

•••